## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေများ (၂၀၁၇)

# Small and Medium Enterprises Development Rules (2017)

## Contents


| No. | | Particular | Page |
|---|---|---|---|
| 1. | Chapter (I) | Title and Definition | 1-2 |
| 2. | Chapter (II) | Formation of Agency, Agency Branch Offices and their Functions | 2-4 |
| 3. | Chapter (III) | Formation of One-stop Service Team and its Functions | 5 |
| 4. | Chapter (IV) | Formation of the Evaluation and Reporting Body and its Functions | 6-7 |
| 5. | Chapter (V) | Formation of Fund Management Body and its Functions | 7-10 |
| 6. | Chapter (VI) | Functions of Business Associations | 11 |
| 7. | Chapter (VII) | Rights and Obligation of Entrepreneur | 11-13 |
| 8. | Chapter (VIII) | Application and Issue of Registration | 13-14 |
| 9. | Chapter (IX) | Extension of the Term of Registration | 15 |
| 10. | Chapter (X) | Damage and Loss of Registration Certificate | 16 |
| 11. | Chapter (XI) | Changes in Registered Enterprises | 16 |
| 12. | Chapter (XII) | Relief and Exemption from Tax | 17 |
| 13. | Chapter (XIII) | Bank Loan and Financial Support | 17 |
| 14. | Chapter (XIV) | Supporting Small and Medium Enterprises | 18 |
| 15. | Chapter (XV) | Assisting to Settlement of Dispute | 19 |
| 16. | Chapter (XVI) | Miscellaneous | 20 |
| 17. | Form (A) | | 21 |
| 18. | Form (B) | | 22 |
| 19. | Form (C) | | 24 |
| 20. | Form (D) | | 25 |

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း(၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁-၂ |
| ၂။ | အခန်း(၂) | အဂျင်စီ၊ အေဂျင်စီရုံးခွဲများဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ | ၂-၄ |
| ၃။ | အခန်း(၃) | တစ်နေရာတည်း ဝန်ဆောင်မှုပေးသည့်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ | ၅ |
| ၄။ | အခန်း(၄) | လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ | ၆-၇ |
| ၅။ | အခန်း(၅) | ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ | ၇-၁၀ |
| ၆။ | အခန်း(၆) | စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ ဆောင်ရွက်ရမည့်လုပ်ငန်းများ | ၁၁ |
| ၇။ | အခန်း(၇) | လုပ်ငန်းဆောင်ရွက်သူ၏ အခွင့်အရေးများနှင့် လိုက်နာရမည့်အချက်များ | ၁၁-၁၃ |
| ၈။ | အခန်း(၈) | မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း | ၁၃-၁၄ |
| ၉။ | အခန်း(၉) | မှတ်ပုံတင် သက်တမ်းတိုးမြှင့်ခြင်း | ၁၅ |
| ၁၀။ | အခန်း(၁၀) | မှတ်ပုံတင်လက်မှတ်ပျက်စီးပျောက်ဆုံးခြင်း | ၁၆ |
| ၁၁။ | အခန်း(၁၁) | မှတ်ပုံတင်ပြီးသည့်လုပ်ငန်းများတွင် အပြောင်းအလဲများပြုလုပ်ခြင်း | ၁၆ |
| ၁၂။ | အခန်း(၁၂) | အခွန်လျှော့ပေါ့ခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်း | ၁၇ |
| ၁၃။ | အခန်း(၁၃) | ဘဏ်ချေးငွေရယူခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်း | ၁၇ |
| ၁၄။ | အခန်း(၁၄) | အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ အားကူညီပံ့ပိုးခြင်း | ၁၈ |
| ၁၅။ | အခန်း(၁၅) | အငြင်းပွားမှုကိုကူညီဖြေရှင်းခြင်း | ၁၉ |
| ၁၆။ | အခန်း(၁၆) | အထွေထွေ | ၂၀ |
| ၁၇။ | ပုံစံ (က) | | ၂၁ |
| ၁၈။ | ပုံစံ ( ခ) | | ၂၂ |
| ၁၉။ | ပုံစံ ( ဂ) | | ၂၄ |
| ၂၀။ | ပုံစံ (ဃ) | | ၂၅ |

# The Republic of the Union of Myanmar
# Small and Medium Enterprises Development Rules
# (2017)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ
# ဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေများ
# (၂၀၁၇)

**The Republic of the Union of Myanmar**
**Ministry of Industry**
**Notification No.(21/2016 - 2017)**
**12th Waxing of Thadingyut, 1378 M.E.**
**(13 October, 2016)**

In exercise of the power conferred under sub-section (a) of Section 37 of the Small and Medium Enterprises Development Law, the Ministry of Industry hereby issues the following rules with the approval of the Union Government as the Focal Ministry assigned by the Notification No. 19/2016 of the Union Government.

## Chapter (I)
## Title and Definition

1. These Rules shall be called **the Small and Medium Enterprises Development Rules.**

2. The expressions contained in these rules shall have the same meanings as defined in the Small and Medium Enterprises Development Law. Moreover, the following expressions shall have the meanings given hereunder:

(a) **Law** means the Small and Medium Enterprises Development Law;

(b) **Manufacturing enterprise** means an enterprise which produces any manufactured product;

(c) **Wholesale enterprise** means an enterprise which distributes and sells various products to retailers;

(d) **Retail enterprise** means an enterprise which sets the value and sells various products through the direct engagement with consumers;

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စက်မှုဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်(၂၁ / ၂၀၁၆-၂၀၁၇)**
၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
(၂၀၁၆ ခုနှစ်၊အောက်တိုဘာလ ၁၃ ရက်)

စက်မှုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၆ဖြင့် တာဝန်ခံဝန်ကြီးဌာနအဖြစ် သတ်မှတ်တာဝန်ပေးချက်အရ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၃၇၊ ပုဒ်မခွဲ (က) အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဆိုသည်။

(ခ) **ထုတ်လုပ်မှုလုပ်ငန်း** ဆိုသည်မှာ ကုန်ပစ္စည်းတစ်ခုခု ထုတ်လုပ်သောလုပ်ငန်းကို ဆိုသည်။

(ဂ) **လက်ကားရောင်းဝယ်ရေးလုပ်ငန်း** ဆိုသည်မှာ ကုန်ပစ္စည်းအမျိုးမျိုးကို လက်လီရောင်းဝယ်သူများထံသို့ တစ်ဆင့် ရောင်းချဖြန့်ဖြူးသော လုပ်ငန်းကိုဆိုသည်။

(ဃ) **လက်လီရောင်းဝယ်ရေးလုပ်ငန်း**ဆိုသည်မှာ စားသုံးသူနှင့် တိုက်ရိုက်ထိတွေ့လျက် ကုန်ပစ္စည်းအမျိုးမျိုးကို တန်ဖိုးသတ်မှတ်ရောင်းချသော လုပ်ငန်းကိုဆိုသည်။

(e) **Service enterprise** means an enterprise which provides service to the need of consumers in accordance with existing law;

(f) **License, permit or registration certificate** means license, permit or registration certificate issued by the respective government departments according to the existing economic laws, rules, orders and directives in the Union of Myanmar;

(g) **Form** means the form in these rules.

## Chapter II
## Formation of Agency, Agency Branch Offices and their Functions

3. The tenure of members of the agency who are not civil service personnel:

(a) is the same that of the Union Government;

(b) when the tenure is expired, their functions and duties shall be continued to carry out until new members of the agency are selected and appointed.

4. If a member of the agency who is not a civil service personnel desires to resign from the term of office on his own volition according to any reason before the expiry of his term of office, he may resign by submitting a resignation letter to the Working Committee.

5. The Working Committee may terminate any members of the agency who are not civil service personnel and cannot undertake the assigned responsibility.

(င) **ဝန်ဆောင်မှုပေးသည့်လုပ်ငန်း**ဆိုသည်မှာ တည်ဆဲဥပဒေအရ သုံးစွဲသူလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုပေးသောလုပ်ငန်းကိုဆိုသည်။

(စ) **လိုင်စင်၊ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ မြန်မာနိုင်ငံတော်အတွင်းရှိ စီးပွားရေးဆိုင်ရာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များအရ သက်ဆိုင်ရာအစိုးရဌာနများက ထုတ်ပေးသော လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်လက်မှတ် ကိုဆိုသည်။

(ဆ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများပါ ပုံစံကိုဆိုသည်။

## အခန်း(၂)

## အေဂျင်စီ၊ အေဂျင်စီရုံးခွဲများ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ

၃။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အေဂျင်စီအဖွဲ့ဝင်၏သက်တမ်းသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့ သက်တမ်းနှင့်အညီဖြစ်သည်။

(ခ) ရာထူးသက်တမ်းကုန်ဆုံးသည့်အခါ အေဂျင်စီအဖွဲ့ဝင်အသစ်များရွေးချယ်ခန့်အပ်ပြီးသည်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

၄။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အေဂျင်စီအဖွဲ့ဝင်တစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း လုပ်ငန်းကော်မတီသို့ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

၅။ လုပ်ငန်းကော်မတီသည် ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာမထမ်းဆောင် နိုင်သောနိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အေဂျင်စီအဖွဲ့ဝင်တစ်ဦးဦးအားရာထူးမှ ရပ်စဲနိုင်သည်။

6. The Working Committee may appoint a new member and assign duty in the vacant position of a member of the agency who is not a civil service personnel whether the resignation or removal from office or decease. The term of office of the appointed and assigned member of the agency is as the same the remaining term of previous member.

7. The agency may form agency branch offices with the appropriate structure in the respective Region or State or Self-administered Division or Self-administered Zone and Union territory with the permission of the Central Committee and Working Committee.

8. The agency shall, in the implementation of the small and medium enterprises development, undertake in accordance with the policies and guidelines stipulated by the Central Committee.

9. According to Section 14(b) of the law, the agency shall describe the following conditions on the submission of annual progress report:

(a) activities related to financial support;

(b) activities undertaken according to the fund established with the State's budget;

(c) activities cooperated with local and international partner organizations;

(d) activities evaluated the sectoral economic activities to be implemented as priority.

10. The agency shall allow the establishment of the legal consultancy organizations and the business start-up consultancy services related to small and medium enterprises if it is in conformity with stipulations.

၆။ လုပ်ငန်းကော်မတီသည် ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ လစ်လပ်သွားသော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အေဂျင်စီအဖွဲ့ဝင်၏နေရာတွင် အဖွဲ့ဝင်အသစ်ခန့်အပ် တာဝန်ပေးအပ်နိုင်သည်။ ထိုသို့ ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အေဂျင်စီအဖွဲ့ဝင်၏ ရာထူး သက်တမ်းသည် ယင်းဆက်ခံသည့် အဖွဲ့ဝင်၏ ကျန်သက်တမ်း အတိုင်းသာဖြစ်သည်။

၇။ အေဂျင်စီသည် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ပြည်ထောင်စုနယ်မြေတို့တွင် သင့်လျော်သည့်ဖွဲ့စည်းပုံဖြင့် အေဂျင်စီရုံးခွဲများကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၈။ အေဂျင်စီသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုကော်မတီက ချမှတ်သည့် မူဝါဒများ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၉။ အေဂျင်စီသည် ဥပဒေပုဒ်မ ၁၄ (ခ) အရ နှစ်ပတ်လည်တိုးတက်မှုအစီရင်ခံစာ တင်ပြရာတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းတင်ပြရမည်-

(က) ငွေကြေးထောက်ပံ့ရေးဆိုင်ရာကိစ္စရပ်များ၊

(ခ) နိုင်ငံတော်မှထောက်ပံ့ငွေဖြင့် ထူထောင်ထားသော ရန်ပုံငွေအရဆောင်ရွက်သည့်ကိစ္စရပ်များ၊

(ဂ) ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်များ၊

(ဃ) ဦးစားပေး အကောင်အထည်ဖော်မည့် ကဏ္ဍအလိုက် စီးပွားရေးလုပ်ငန်းများကို ပြန်လည်သုံးသပ်သည့်ကိစ္စရပ်များ၊

၁၀။ အေဂျင်စီသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်းများ၊ လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်ရာတွင် သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ခွင့်ပြုရမည်။

11. The agency shall, from time to time, issue the necessary types of enterprises to get the license or the registration certificate in the respective Ministries for doing the business of small and medium enterprises.

12. Agency branch offices shall undertake the following functions and duties:

(a) providing technologies and information related to development;
(b) organizing trainings and workshops for human resource development;
(c) providing the services for funding and getting loan from the banks;
(d) keeping and collection of data and information of small and medium enterprises;
(e) encouraging the cluster development of small and medium enterprises;
(f) participating in cooperation with international community;
(g) undertaking the duties, from time to time, assigned by the agency;
(h) supervising and guiding the functions of one - stop services.

13. Agency branch offices undertake field inspection on start-up and on-going business, collecting statistics, recording the types of business and compiling the sectoral information to be used according to the requirement and shall submit them to the agency.

၁၁။ အေဂျင်စီသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် လိုင်စင်ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ရယူရန် လိုအပ်သော လုပ်ငန်းအမျိုးအစားများကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာပေးရမည်။

၁၂။ အေဂျင်စီရုံးခွဲများသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သော နည်းပညာနှင့် သတင်းအချက်အလက်များ ပံ့ပိုးခြင်း၊

(ခ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊

(ဂ) ငွေကြေးထောက်ပံ့မှုနှင့် ဘဏ်များမှ ချေးငွေရရှိရေးဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း၊

(ဃ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏သတင်းအချက်အလက်များ စုစည်းထိန်းသိမ်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းတူအစုအဖွဲ့များဖြစ်ပေါ်ရေးကို အားပေးမြှင့်တင်ခြင်း၊

(စ) နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဆ) အေဂျင်စီက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း၊

(ဇ) တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း။

၁၃။ အေဂျင်စီရုံးခွဲများသည် စတင်တည်ထောင်ခွင့်ပြုသော လုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ ကိန်းဂဏန်းဆိုင်ရာစာရင်းများကို ကောက်ယူခြင်း၊ လုပ်ငန်းအမျိုးအစားအလိုက် မှတ်တမ်းတင်ခြင်း၊ လိုအပ်ချက်နှင့်အညီ အသုံးပြုနိုင်ရန် လုပ်ငန်းကဏ္ဍအလိုက် စာရင်းပြုစုခြင်းတို့ ဆောင်ရွက်ပြီး အေဂျင်စီသို့ တင်ပြရမည်။

## Chapter III

## Formation of One-stop Service Team and its Functions

14. Regional administrative teams in the Union territory or the respective Region or State or Self-administered Division or Self-administered Zone shall jointly open one-stop service units at the agency branch offices comprising members of agency branch offices and representatives of the respective ministries.

15. One-stop service team shall undertake the following functions and duties:

(a) raising awareness of the information and procedures by the respective departments for business start-up;

(b) negotiating with the respective departments to get license for the business related to its functions of small and medium enterprises;

(c) giving advice for loan;

(d) giving advice on law and procedure;

(e) providing training certificates and information on standardization;

(f) raising awareness of initial requirements for entrepreneurs.

## အခန်း(၃)

## တစ်နေရာတည်း ဝန်ဆောင်မှုပေးသည့်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ

၁၄။ ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့ကို အေဂျင်စီ ရုံးခွဲမှ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များကို ပါဝင်စေလျက် ဖွဲ့စည်းပြီး အေဂျင်စီရုံးခွဲများ၌ ပူးတွဲဖွင့်လှစ်ရမည်။

၁၅။ တစ်နေရာတည်း ဝန်ဆောင်မှုပေးသည့်အဖွဲ့သည် အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည်-

(က) လုပ်ငန်းစတင်နိုင်ရန် သတင်းအချက်အလက်နှင့် သက်ဆိုင်ရာဌာနများ မှပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းအသိပေးခြင်း၊

(ခ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် ယင်းတို့၏ လုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းလိုင်စင်ရရှိရန် သက်ဆိုင်ရာဌာနများ နှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ဈေးကွက်ဆိုင်ရာ အကြံပေးခြင်း၊

(ဃ) ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အကြံပေးခြင်း၊

(င) သင်တန်းအသိအမှတ်ပြုလက်မှတ်နှင့် စံချိန်စံညွှန်းဆိုင်ရာ သတင်းအချက် အလက်ပေးခြင်း၊

(စ) စွန့်ဦးတီထွင်သူလုပ်ငန်းရှင်များအတွက် ကနဦး လိုအပ်ချက်များ ပညာ ပေးခြင်း။

## Chapter IV

## Formation of the Evaluation and Reporting Body and its Functions

16. The Working Committee shall prepare the list of the following qualified persons and submit it to the Central Committee to request the approval in order to form the Evaluation and Reporting Body:

(a) being a person who can understand fundamentally on real situations and requirements of the small and medium enterprises;

(b) being a person who has international experience;

(c) being a person who has excellent negotiating skills;

(d) being a person who is skillful at economic laws and policies;

(e) being a person who is skillful at formulation of good policies.

17. According to Rule 16, the Central Committee shall inform the Working Committee in order to form the Evaluation and Reporting Body after the selection of one as the chairman among the candidates submitted by the Working Committee.

18. The Working Committee shall form the Evaluation and Reporting Body comprising a person who has been assigned by the Central Committee as the Chairman, the Director General from the Ministry of Planning and Finance as a member, and economists, Intellectuals and Intelligentsias as members who are fulfilled the qualifications in Rule 16.

19. Any person who is appointed by the Chairman of the Evaluation and Reporting Body shall be assigned as the Secretary.

20. The Evaluation and Reporting Body shall submit annually the evaluation of implementation of the agency to the Central Committee through the Working Committee.

## အခန်း (၄)
## လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ဆောင်ရွက်ရမည့်လုပ်ငန်းများ

၁၆။ လုပ်ငန်းကော်မတီသည် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ရန် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြုစုပြီး ဗဟိုကော်မတီသို့ တင်ပြ၍ သဘောတူညီချက် တောင်းခံရမည်-

(က) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေမှန်နှင့် လိုအပ်ချက်များကို အခြေခံကျကျ နားလည်သူဖြစ်ခြင်း၊

(ခ) နိုင်ငံတကာ အတွေ့အကြုံရှိသူဖြစ်ခြင်း၊

(ဂ) စေ့စပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု အားကောင်းသူဖြစ်ခြင်း၊

(ဃ) စီးပွားရေးဆိုင်ရာဥပဒေနှင့်မူဝါဒများကိုတတ်ကျွမ်းနားလည်သူဖြစ်ခြင်း၊

(င) မူဝါဒကောင်းများ ဖော်ထုတ်နိုင်သည့် အရည်အချင်းရှိသူဖြစ်ခြင်း။

၁၇။ ဗဟိုကော်မတီသည် နည်းဥပဒေ ၁၆ အရ လုပ်ငန်းကော်မတီက တင်ပြလာသူများအနက်မှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ်ရွေးချယ်ပြီး လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန် လုပ်ငန်းကော်မတီသို့ အကြောင်းကြားရမည်။

၁၈။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီမှ တာဝန်ပေးအပ်ခြင်းခံရသူကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နည်းဥပဒေ ၁၆ ပါ အရည်အချင်းနှင့်ပြည့်စုံသည့် စီးပွားရေး အသိပညာရှင်၊ အတတ်ပညာရှင် ကျွမ်းကျင်သူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၉။ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌကခန့်အပ်သူတစ်ဦးဦးကို အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန်ပေးရမည်။

၂၀။ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့သည် အေဂျင်စီက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို သုံးသပ်၍ လုပ်ငန်းကော်မတီမှ တစ်ဆင့် ဗဟိုကော်မတီသို့ နှစ်စဉ်တင်ပြရမည်။

21. The Evaluation and Reporting Body shall, in order to evaluate the impact on environment and socio-economic environment of small and medium enterprises, submit the evaluation to the Working Committee in coordination with respective departments, international and local organizations.

## Chapter V

## Formation of the Fund Management Body and its Functions

22. The Working Committee shall form the Fund Management Body comprising the person who is assigned by the Central Committee as the Chairman, heads from the respective government departments, the financial experts, and representatives of the entrepreneurs as members.

23. According to Rule 22, the Chairman of the agency as Vice-chairman and Secretary of the agency as member shall be composed in the formation.

24. Any person who is appointed by the Chairman of the Fund Management Body shall be assigned as the Secretary.

25. The Fund Management Body shall hold the working meeting monthly.

26. The Fund Management Body shall organize the financial meeting at least once a month. The meeting shall be valid if more than half of the members, who have the right to attend, are present.

27. The Fund Management Body shall identify banks that will involve in credit programme.

၂၁။ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့သည် အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ၏သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု များကို ဆန်းစစ်သုံးသပ်နိုင်ရန် သက်ဆိုင်ရာဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်း များနှင့် ညှိနှိုင်းဆွေးနွေးပြီး သုံးသပ်ချက်များကို လုပ်ငန်းကော်မတီသို့ တင်ပြရမည်။

## အခန်း(၅)

## ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ

၂၂။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီမှ တာဝန်ပေးအပ်ခြင်းခံရသူကို ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနများမှ ဌာနအကြီးအမှူးများ၊ ငွေကြေး ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ လုပ်ငန်းရှင်ကိုယ်စားလှယ်များကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းရမည်။

၂၃။ နည်းဥပဒေ ၂၂ အရ ဖွဲ့စည်းရာတွင် အေဂျင်စီ၏ ဥက္ကဋ္ဌကို ဒုတိယဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ အေဂျင်စီ၏အတွင်းရေးမှူးကို အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်စေ ရမည်။

၂၄။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌက ခန့်အပ်သူတစ်ဦးဦးကို အတွင်းရေးမှူးအဖြစ် သတ်မှတ် တာဝန်ပေးရမည်။

၂၅။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို တစ်လလျှင် တစ်ကြိမ် ကျင်းပရမည်။

၂၆။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ငွေကြေးဆိုင်ရာ အစည်းအဝေးကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပရမည်။ တက်ရောက်ခွင့်ရှိသည့် အဖွဲ့ဝင်ဦးရေ၏ထက်ဝက် ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။

၂၇။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် တစ်ဆင့်ခံထုတ်ချေးပေးမည့် အစီအစဉ်တွင် ပါဝင် ဆောင်ရွက်ပေးမည့် ဘဏ်များကို စိစစ်ရွေးချယ်ပေးရမည်။

28. In order to borrow the following loans with the specification of type and size of loan through Small and Medium Industrial Development Bank and relevant banks, the Fund Management Body shall decide based on the targeted businesses, country's vision and appropriation, the objective of the credit, specified criteria, possible strengths and weaknesses regarding the business proposed by the agency for small and medium enterprises to support loan at financial meetings:

(a) loan for innovation;

(b) loan for high qualities;

(c) loan for value added;

(d) low interest rate for loan;

(e) loan for the export promotion;

(f) loan for youth and women entrepreneurs.

29. The Fund Management Body shall, in implementing the functions and duties of Section 20 of the law :

(a) undertake clearly in the use of fund for development;

(b) have transparency in operations of the Body;

(c) accept once a year inspection of the audit team designated by the Union Auditor General for financial matters of the Fund Management Body;

(d) have accurate entry for statistical data and figures.

၂၈။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ချေးငွေဆိုင်ရာအစည်းအဝေးများတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေထောက်ပံ့ရန် အေဂျင်စီမှ အဆိုပြုတင်ပြလာသောလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဦးတည်သည့် စီးပွားရေးနယ်ပယ်၊ နိုင်ငံတော်၏မျှော်မှန်းချက်နှင့် လျာထားချက်၊ ငွေချေးပေးမည့် ရည်ရွယ်ချက်၊ စံနှုန်းသတ်မှတ်ချက်နှင့် ဖြစ်ပေါ်လာနိုင်သည့် အားသာချက်နှင့် အားနည်းချက်များ အပေါ်အခြေခံစဉ်းစားကာ ချေးငွေပမာဏနှင့် ချေးငွေအမျိုးအစား သတ်မှတ်၍ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့် သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် အောက်ပါချေးငွေအမျိုးအစားများ ထုတ်ချေးနိုင်ရန် ဆုံးဖြတ်ရမည်-

(က) တီထွင်ဆန်းသစ်မှုကို အားပေးသောချေးငွေ၊

(ခ) အရည်အသွေးမြင့်မားတိုးတက်မှုဆိုင်ရာချေးငွေ၊

(ဂ) တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းဆိုင်ရာချေးငွေ၊

(ဃ) အတိုးနှုန်းသက်သာသောချေးငွေ၊

(င) ပို့ကုန်မြှင့်တင်ရေးအားပေးသောချေးငွေ၊

(စ) လူငယ်နှင့်အမျိုးသမီးလုပ်ငန်းရှင်များကို အားပေးသောချေးငွေ။

၂၉။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ဥပဒေပုဒ်မ ၂၀ ပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် ငွေကြေးကျခံရာ၌ရှင်းလင်းစွာဆောင်ရွက်ရမည်။

(ခ) အဖွဲ့၏လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များသည် ပွင့်လင်းမြင်သာမှုရှိရမည်။

(ဂ) ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ငွေကြေးဆိုင်ရာကိစ္စရပ်များအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးအပ်သော စာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဆေးမှုကို တစ်နှစ် တစ်ကြိမ် ခံယူရမည်။

(ဃ) စာရင်းအင်းကိန်းဂဏန်းဆိုင်ရာ အချက်အလက်များကို သေချာတိကျစွာ ရေးသွင်းခြင်း၊ ဖြည့်စွက်ခြင်းပြုရမည်။

30. The Fund Management Body shall, regarding raising and allocation of fund:

(a) seek the assistance fund of the State annually, control the fund and provide the contribution for the agency's projected plans;

(b) obtain the approval of the Working Committee in receiving the international financial assistance;

(c) obtain the approval of the Pyidaungsu Hluttaw and the Union Government in receiving the loan from International Banking Institutions;

(d) undertake to issue and sell the local and international security bond in accordance with the existing laws.

31. The Fund Management Body shall, in order to identify the loan to be provided to small and medium enterprises, specify the initial requirements based on the following enterprises:

(a) enterprises which manufacture the value-added products;

(b) enterprises which operate for export promotion;

(c) enterprises which conserve waste water and protect against environmental hazards;

(d) energy saving enterprises;

(e) enterprises which can create employment opportunities;

(f) enterprises which can increase the export income of the country;

(g) enterprises which can improve the health care of citizens.

၃၀။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ရန်ပုံငွေ မတည်ခြင်း၊ ရန်ပုံငွေခွဲဝေခြင်းတို့နှင့် စပ်လျဉ်း၍ -

(က) နိုင်ငံတော်၏ထောက်ပံ့ငွေအား နှစ်စဉ်တောင်းခံခြင်း၊ ရန်ပုံငွေ ထိန်းသိမ်းခြင်း၊ အေဂျင်စီ၏ စီမံကိန်းလျာထားချက်များအတွက် ထောက်ပံ့ငွေ ထုတ်ပေးခြင်း တို့ကို ဆောင်ရွက်ရမည်။

(ခ) ပြည်ပငွေကြေးအကူအညီရယူရာတွင် လုပ်ငန်းကော်မတီသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ဂ) နိုင်ငံတကာဘဏ်အဖွဲ့အစည်းများထံမှ ချေးငွေရယူရာတွင် ပြည်ထောင်စု လွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည်။

(ဃ) ပြည်တွင်း၊ပြည်ပငွေချေးစာချုပ်များ ထုတ်ပေးနိုင်ရေးနှင့် ရောင်းချနိုင်ရေးတို့အတွက် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၃၁။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအား ချေးငွေထုတ်ချေးနိုင်ရန် စိစစ်ရွေးချယ်ရာတွင် အောက်ပါလုပ်ငန်းများအပေါ် မူတည်၍ ကနဦး လိုအပ်ချက်များကို သတ်မှတ်ပေးရမည်-

(က) တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်သည့်လုပ်ငန်းများ၊

(ခ) ပို့ကုန်မြှင့်တင်ရေးကို ဆောင်ရွက်သည့်လုပ်ငန်းများ၊

(ဂ) လုပ်ငန်းအတွင်းစွန့်ပစ်ရေဆိုးများအား ထိန်းသိမ်းခြင်းနှင့်ပတ်ဝန်းကျင် အန္တရာယ် ကျရောက်မှုမှ ကင်းဝေးရန် ဆောင်ရွက်မည့်လုပ်ငန်းများ၊

(ဃ) စွမ်းအင်ချွေတာရေးလုပ်ငန်းများ၊

(င) ပြည်သူများ၏ အလုပ်အကိုင်ရရှိရေး ဖန်တီးပေးနိုင်သည့် လုပ်ငန်းများ၊

(စ) နိုင်ငံ၏ ပို့ကုန်ဝင်ငွေတိုးတက်စေသည့် လုပ်ငန်းများ၊

(ဆ) ပြည်သူများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရေး မြှင့်တင်နိုင်သည့် လုပ်ငန်းများ။

32. The Fund Management Body shall comply with the following points in the implementation of fund controlling and utilization:

(a) discussion and decision making on the relevant projects to be implemented the policy of the deveopment of small and medium enterprises laid down by the Central Committee and Working Committee according to the conclusion of the Evaluation and Reporting Body at the meeting;

(b) identification of organization and partner who can implement the projects through evaluation and discussion on results, strengths and weaknesses from the projects;

(c) identification and confirmation of the project proposal of implementing bodies and allocation of the fund;

(d) evaluation on the utilization of the fund and implementation of the approved projects and sending copy to and informing the Evaluation and Reporting Body ;

(e) discussion, utilization and control of annual budget projection, plan for increased annual budget within the fund established according to section 20 (c) of the Law;

(f) obtaining the approval for receiving, utilization, raising and control of the budget with transparency through clarification at the biannual meeting and continuation of the same practices with common desire.

၃၂။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းတို့ကို ဆောင်ရွက်ရာတွင် အောက်ပါအချက်များနှင့် ကိုက်ညီမှုရှိရမည်-

(က) လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏သုံးသပ်ချက်အရ ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီတို့မှ ချမှတ်ပေးသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတိုးတက်ရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်မည့် သက်ဆိုင်ရာစီမံကိန်းများအား အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးဆုံးဖြတ်ခြင်း၊

(ခ) စီမံကိန်းများမှရရှိသည့် အကျိုးကျေးဇူး၊ အားသာချက်၊ အားနည်းချက်များအားဖော်ထုတ်ဆွေးနွေး၍ စီမံကိန်းများအား အကောင်အထည်ဖော်နိုင်မည့်အဖွဲ့အစည်း၊ပူးပေါင်းဆောင်ရွက်မည့်သူများအား ရွေးချယ်ရန် နည်းလမ်းသတ်မှတ်ခြင်းနှင့် ဆောင်ရွက်ခြင်း၊

(ဂ) စီမံကိန်းအကောင်အထည်ဖော်မည့်သူများ၏ အဆိုပြုတင်ပြချက်များကို စိစစ်ခြင်း၊ရွေးချယ်အတည်ပြုခြင်းနှင့်ရန်ပုံငွေသတ်မှတ်၍ ခွဲဝေပေးခြင်း၊

(ဃ) ဆောင်ရွက်ပြီးစီမံကိန်းများ၏ သုံးစွဲမှုနှင့် အကောင်အထည်ဖော်မှုများအပေါ်စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့သို့ မိတ္တူပေးပို့ အကြောင်းကြားခြင်း၊

(င) ဥပဒေပုဒ်မ ၂၀ (ဂ) အရ ထူထောင်ထားသော ရန်ပုံငွေများတွင် ဘဏ္ဍာနှစ်အလိုက် အသုံးစရိတ်လျာထားမှု၊ လက်ကျန်ဘဏ္ဍာငွေ နှစ်စဉ်တိုးတက်ရရှိရေး စီမံချက်တို့ကို ဆွေးနွေးတိုင်ပင်ခြင်း၊ သုံးစွဲခြင်းနှင့် ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(စ) ဘဏ္ဍာငွေရရှိခြင်း၊ သုံးစွဲခြင်း၊ တိုးပွားစေခြင်း၊ ထိန်းသိမ်းခြင်းများကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပြီး (၆)လ တစ်ကြိမ် အစည်းအဝေး၌ ဖတ်ကြားရှင်းလင်းလျက် အတည်ပြုချက်ရယူခြင်းနှင့် အများသဘောအရ ဆက်လက်ပြုပြင်ဆောင်ရွက်ခြင်း။

## Chapter VI
## Functions of Business Associations

33. Business Associations shall cooperate with respective departments and organizations or among business associations for the development of small and medium enterprises as follows:

(a) supporting and collaborating for the establishment and development of clusters in terms of type of business and geographical location;

(b) organizing product and technology exhibitions and contests in cooperation with local and international organizations in accordance with the related rules and regulations;

(c) exchange technology through the participation in international exhibitions and contests and cooperation with foreign countries.

34. Business Associations may closely advise, discuss and cooperate with the Central Committee, the Working Committee, the agency and other related organizations in order to implement the policies and missions.

## Chapter VII
## Rights and Obligation of Entrepreneur

35. In order to enjoy the rights in the Law, entrepreneur shall comply with the following:

(a) applying for registration of small and medium enterprises at agency branch offices in accordance with the stipulations as defined in the law;

(b) applying for the loan through the agency and agency branch offices;

## အခန်း(၆)
## စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ ဆောင်ရွက်ရမည့် လုပ်ငန်းများ

၃၃။ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ စီးပွားရေးအသင်းအဖွဲ့အချင်းချင်းသော်လည်းကောင်း အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ရမည်-

(က) စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များသည် လုပ်ငန်းအမျိုးအစားအရလည်းကောင်း၊ပထဝီအနေအထားအရလည်းကောင်း အစုအဖွဲ့လုပ်ငန်းများ ဖြစ်ပေါ်တိုးတက်ရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်း၊

(ခ) ထုတ်ကုန်နှင့်နည်းပညာပြပွဲများ၊ ပြိုင်ပွဲများကို သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်တွင်း၊ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းကျင်းပဆောင်ရွက်ခြင်း၊

(ဂ) ပြည်ပနိုင်ငံများ၌ကျင်းပသောပြိုင်ပွဲ၊ ပြပွဲများတွင်ပါဝင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နည်းပညာပူးပေါင်းဖလှယ်ဆောင်ရွက်ခြင်း။

၃၄။ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသည် မူဝါဒများနှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ အခြားဆက်စပ်သည့် အဖွဲ့အစည်းများနှင့် နီးကပ်စွာအကြံပြုတင်ပြခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပြုနိုင်သည်။

## အခန်း(၇)
## လုပ်ငန်းဆောင်ရွက်သူ၏အခွင့်အရေးများနှင့် လိုက်နာရမည့် အချက်များ

၃၅။ လုပ်ငန်းဆောင်ရွက်သူသည် ဥပဒေပါအခွင့်အရေးများကို ရရှိခံစားနိုင်ရန် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည် -

(က) ဥပဒေတွင်အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ အေဂျင်စီရုံးခွဲများတွင် မှတ်ပုံတင်လျှောက်ထားခြင်း၊

(ခ) လုပ်ငန်းဆောင်ရွက်သူသည် အေဂျင်စီနှင့် အေဂျင်စီရုံးခွဲများမှတစ်ဆင့် ချေးငွေလျှောက်ထားခြင်း၊

(c) appointing international experts in accordance with rules and regulations;

(d) applying to agency through agency branch offices for the participation in local and international training courses, workshops, seminars and exhibitions;

(e) informing and applying to the agency through agency branch offices by the entrepreneur for returning of small and medium enterprises certificate or re-specifying within the permitted period when the capital investment and number of labours of small and medium enterprises are not comply with the specification in the law;

(f) receiving the inspection of the respective authorized person, from time to time, regarding the changes of business size.

36. Entrepreneur shall comply with the following in operating business:

(a) having fire insurance;

(b) arranging health-care plan and occupational safety;

(c) abiding by the related laws, rules, regulations, procedures and standards in transport, storage and utilization of hazardous chemical and products, poisonous goods and those similar products;

(d) undertaking consumer protection by means of quality and standards of products;

(e) registering for product brand, logo and manufacturing process in accordance with the existing law.

(ဂ) နိုင်ငံခြားမှ ကျွမ်းကျင်သူပညာရှင်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ ခေါ်ယူခန့်ထားခြင်း၊

(ဃ) ပြည်တွင်း ပြည်ပမှသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကုန်စည်ပြပွဲများ၌ ပါဝင်တက်ရောက်နိုင်ရန်အတွက် အေဂျင်စီရုံးခွဲများမှ တစ်ဆင့် အေဂျင်စီသို့ လျှောက်ထားတင်ပြခြင်း၊

(င) ဥပဒေပါ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းတွင် အကျုံးဝင်သည့် မတည်ရင်းနှီးငွေနှင့် ဝန်ထမ်းဦးရေ သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် မကိုက်ညီတော့သည့်အခါ လုပ်ငန်းဆောင်ရွက်သူက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း သို့မဟုတ် ခွင့်ပြုကာလအတွင်း ပြောင်းလဲသတ်မှတ်ပေးရန် အေဂျင်စီ ရုံးခွဲ များမှတစ်ဆင့် အေဂျင်စီသို့ အကြောင်းကြား လျှောက်ထားခြင်း၊

(စ) လုပ်ငန်းအရွယ်အစား ပြောင်းလဲမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူများမှ အခါအားလျော်စွာ စစ်ဆေးမှုကို ကြည်ဖြူစွာခံယူခြင်း။

၃၆။ လုပ်ငန်းဆောင်ရွက်သူသည် လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) မီးအာမခံထားရှိခြင်း၊

(ခ) ကျန်းမာရေးအစီအစဉ်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ထားရှိခြင်း၊

(ဂ) ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်း၊ ကုန်ပစ္စည်းများ၊ အဆိပ်အတောက် ဖြစ်စေသော ကုန်ပစ္စည်းနှင့် အလားတူ ကုန်ပစ္စည်းများ သယ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် အသုံးပြုခြင်းတို့အတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများ နှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်း၊

(ဃ) ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးအရဖြစ်စေ၊ စံချိန်စံညွှန်းအရ ဖြစ်စေ စားသုံးသူ ထိခိုက်နစ်နာမှုမရှိအောင် ဆောင်ရွက်ခြင်း၊

(င) ကုန်ပစ္စည်းတံဆိပ်၊ အမှတ်အသားနှင့် ထုတ်လုပ်ရေးနည်းစဉ်များ အတွက် တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း။

37. Entrepreneur shall have the rights during keeping the status of small and medium enterprise under Section 14 (q) of the law as follows:

(a) having the right to keep the status of business up to three years after re-specifying the type of business;

(b) negotiation with agency if an enterprise wants to get loan during keeping period under sub-section (a).

38. Entrepreneur may, according to international cooperation programmes, make a contract, receiving order and doing with cut-make-pack system with large scale enterprises and international investment, in accordance with existing rules and regulations.

39. Entrepreneur has the right to benefit for the new partnership of foreign investments in compliance with the stipulations prescribed in the Foreign Investment Law.

## Chapter VIII
## Application and Issue of Registration

40. Entrepreneur shall apply for registration certificate of a small and medium enterprise to agency branch offices together with the following documents:

(a) application form (A) of start-up small and medium enterprise;

(b) recommendations of the respective ministries or application for operating licence;

(c) small and medium enterprise application form (B);

(d) copy of national registration card;

(e) licence photo;

(f) household list.

၃၇။ လုပ်ငန်းဆောင်ရွက်သူသည် ဥပဒေပုဒ်မ ၁၄(ထ)အရ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း၏ အဆင့်အတန်းကို ထိန်းသိမ်းထားရှိစဉ်အတွင်း အောက်ပါအတိုင်း ခံစားခွင့်ရှိသည်-

(က) ပြောင်းလဲသတ်မှတ်မည့် လုပ်ငန်းအမျိုးအစား ဖြစ်ပေါ်ပြီးနောက်လက်ရှိ လုပ်ငန်း၏ အဆင့်အတန်းကို သုံးနှစ်အထိ ထိန်းသိမ်းထားခွင့်ရှိခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ ထိန်းသိမ်းထားရှိသည့် ကာလအတွင်း ချေးငွေ ရယူလိုပါက အေဂျင်စီနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း။

၃၈။ လုပ်ငန်းဆောင်ရွက်သူသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအရ အကြီးစားလုပ်ငန်းများနှင့်လည်းကောင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများနှင့် လည်းကောင်း စာချုပ်ချုပ်ဆိုဆောင်ရွက်ခြင်း၊ လုပ်ငန်းလက်ခံဆောင်ရွက်ခြင်းနှင့် အပ်ကုန်စနစ်ဆောင်ရွက်ခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်သည်။

၃၉။ လုပ်ငန်းဆောင်ရွက်သူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ပါက ယင်းအကျိုးတူလုပ်ငန်းအသစ်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ အချက်များအား လိုက်နာ ဆောင်ရွက်ခြင်းနှင့် အကျိုးခံစားခွင့်ရှိသည်။

## အခန်း(၈)

## မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၄၀။ လုပ်ငန်းဆောင်ရွက်သူသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း မှတ်ပုံတင်လက်မှတ်ရရှိရန် အောက်ပါအထောက်အထားများနှင့်အတူ အေဂျင်စီရုံးခွဲသို့ လျှောက်ထားရမည်-

(က) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းစတင်လုပ်ကိုင်မည့် အဆိုပြုလွှာ **ပုံစံ(က)**၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်များ သို့မဟုတ် လုပ်ငန်း လိုင်စင်ကို တောင်းခံသည့် အဆိုပြုလျှောက်လွှာ၊

(ဂ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း မှတ်ပုံတင်လျှောက်လွှာ **ပုံစံ(ခ)**၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(င) လိုင်စင်ဓာတ်ပုံ၊

(စ) အိမ်ထောင်စုစာရင်း။

41. Agency branch offices received the application under Rule 40 shall undertake field inspection whether the facts in application form are correct or not and it is in conformity with the requirement for enterprise stipulated by the law.

42. Agency branch offices shall, if the facts in application form are incomplete or the requirements under field inspection are found, inform applicants to undertake again.

43. Entrepreneur shall, on receiving the information under Rule 42, carry out to fulfil the requirements and re-submit them to the agency branch offices.

44. Agency branch offices shall, on receiving the duly completed applications and re-application under Rule 43, submit it to the agency with its recommendation.

45. An agency may permit or refuse to issue the small and medium enterprise registration certificate after scrutinizing in accordance with the stipulations. If the agency refuses, it shall inform the respective agency branch offices with reason.If the agency permits, it shall inform the respective agency branch offices in order to issue small and medium enterprise registration certificate, with the indication of two years term of registration.

46. In accordance with the decision of the agency, agency branch office shall:

(a) issue small and medium enterprise registration certificate if they are allowed to register to be paid the prescribed registration fees;

(b) inform the applicant with reason if they refuse to allow to register.

၄၁။ နည်းဥပဒေ ၄၀ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့် အေဂျင်စီရုံးခွဲသည် လျှောက်လွှာတွင်ဖော်ပြထားချက်များ မှန်ကန်မှု ရှိ မရှိ၊ ဥပဒေအရ သတ်မှတ်ထားသော စက်မှုလုပ်ငန်းအတွက် လိုအပ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ တို့ကို ကွင်းဆင်းစစ်ဆေးရမည်။

၄၂။ အေဂျင်စီရုံးခွဲသည် လျှောက်လွှာတွင်ဖော်ပြထားချက်များ ပြည့်စုံမှန်ကန်မှု မရှိလျှင်သော်လည်းကောင်း၊ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ လိုအပ်ချက်များတွေ့ရှိရလျှင်သော်လည်းကောင်းပြန်လည်ဆောင်ရွက်စေရန်လျှောက်ထားသူထံအကြောင်းကြားရမည်။

၄၃။ လုပ်ငန်းဆောင်ရွက်သူသည် နည်းဥပဒေ ၄၂ အရ အကြောင်းကြားချက်ကို လက်ခံရရှိသည့်အခါ လိုအပ်ချက်များကို ပြည့်စုံစွာဆောင်ရွက်ပြီး အေဂျင်စီရုံးခွဲသို့ ပြန်လည်တင်ပြရမည်။

၄၄။ အေဂျင်စီရုံးခွဲသည် ပြည့်စုံမှန်ကန်မှုရှိသည့် လျှောက်ထားချက်များနှင့် နည်းဥပဒေ ၄၃ အရ ပြန်လည်တင်ပြချက်တို့ကို လက်ခံရရှိသည့်အခါ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ အေဂျင်စီသို့ တင်ပြရမည်။

၄၅။ အေဂျင်စီသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ သက်ဆိုင်ရာ အေဂျင်စီရုံးခွဲသို့ အကြောင်းကြားရမည်။ ခွင့်ပြုပါက မှတ်ပုံတင်သက်တမ်းမှာ (၂) နှစ်ဖြစ်ကြောင်း သတ်မှတ်ဖော်ပြပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သက်ဆိုင်ရာအေဂျင်စီရုံးခွဲသို့ အကြောင်းကြားရမည်။

၄၆။ အေဂျင်စီရုံးခွဲသည် အေဂျင်စီ၏ ဆုံးဖြတ်ချက်နှင့်အညီ-

(က) မှတ်ပုံတင်ခွင့်ပြုပါက သတ်မှတ်မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ခ) မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းကြားရမည်။

## Chapter IX

## Extension of the Term of Registration

47. Entrepreneur shall apply to extend the term of registration, at least 30 days in advance before the date of expiry with the annex form (c) to the respective agency branch offices in accordance with the stipulations.

48. Agency branch offices shall scrutinize the enterprises applied for the extension of registration based on the following facts:

(a) whether the enterprise is in actual running conditions or not;

(b) whether fees and expenses payable in relation to enterprise are fully paid or not;

(c) the balance sheet of the enterprise;

(d) whether having environmental impact due to the enterprise or not;

(e) follow up actions and future plans at the time of the extension process if by-products of enterprise impact on the environment;

(f) whether the applied enterprises fill up the complete information related to support programme or not if they desire to get the benefit of government support programme.

49. Agency branch offices shall, after scrutinizing under Rule 48, fill up the term of registration in the annex form (D) and issue the registration certificate to be paid the renewal fees for the registration prescribed in accordance with the recommendation of the agency.

50. Entrepreneur shall, if they apply to extend the term of registration after the expiry of the registration, pay the fine specified for the expiry. If they fail to apply for the extension of the term of registration for consecutive one year, they shall be cancelled from registration list.

## အခန်း(၉)

## မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်း

၄၇။ လုပ်ငန်းဆောင်ရွက်သူသည် မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးမြှင့်ပေးရန် အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ နောက်ဆက်တွဲပုံစံ (ဂ) ဖြင့် သက်ဆိုင်ရာ အေဂျင်စီရုံးခွဲသို့ လျှောက်ထားရမည်။

၄၈။ အေဂျင်စီရုံးခွဲများသည် မှတ်ပုံတင်သက်တမ်းတိုးမြှင့်ရန် လျှောက်ထားလာသော လုပ်ငန်း များအား အောက်ပါအချက်များအပေါ် အခြေခံ၍ စိစစ်ဆောင်ရွက်ရမည်-

(က) အမှန်တကယ်လုပ်ငန်း ဆက်လက်လုပ်ကိုင်ခြင်း ရှိ မရှိ၊

(ခ) လုပ်ငန်းနှင့်ပတ်သက်၍ ပေးဆောင်ရန်ရှိသည့် အခွန်အခ၊ အသုံးစရိတ်များ အကြေပေးဆောင်ထားမှု ရှိ မရှိ၊

(ဂ) လုပ်ငန်း၏ ဝင်ငွေ၊ ထွက်ငွေ ရှင်းတမ်းစာရင်း၊

(ဃ) လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု အခြေအနေ ရှိ မရှိ၊

(င) လုပ်ငန်း၏ဘေးထွက်ပစ္စည်းများသည် ပတ်ဝန်းကျင်ကို ထိခိုက်သော လုပ်ငန်းဖြစ်ပါက သက်တမ်းတိုးရန် လျှောက်ထားတင်ပြလာသည့် အချိန်တွင် လိုက်နာပြုပြင်မှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊

(စ) လျှောက်ထားလာသောလုပ်ငန်းသည် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုအစီအစဉ်များတွင် ရရှိခံစားလိုပါက ပံ့ပိုးပေးရေးအစီအစဉ်များနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ပြည့်စုံစွာဖြည့်စွက်ထားခြင်း ရှိ မရှိ။

၄၉။ အေဂျင်စီရုံးခွဲများသည် နည်းဥပဒေ ၄၈ အရ စိစစ်ပြီး အေဂျင်စီ၏ သဘောထားမှတ်ချက်နှင့်အညီ သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေ၍ နောက်ဆက်တွဲ ပုံစံ (ဃ) တွင် မှတ်ပုံတင်သက်တမ်းကာလ ဖြည့်စွက်ပြီးထုတ်ပေးရမည်။

၅၀။ လုပ်ငန်းဆောင်ရွက်သူသည် မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက်မှ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်းဖြစ်ပါက ကျော်လွန်သည့်ကာလအတွက် သတ်မှတ်ထားသည့် ဒဏ်ကြေး ပေးဆောင်ရမည်။ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်းမပြုဘဲ တစ်ဆက်တည်း (၁)နှစ် ပျက်ကွက်ပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

## Chapter X

## Damage and Loss of Registration Certificate

51. Entrepreneur shall, if he loses the registration certificate, apply together with the credible evidence to the respective agency branch offices in order to issue the copy of registration certificate.

52. The respective agency branch office shall, on application under Rule 51, issue the copy of registration certificate after scrutinizing and causing the specified fine to be paid.

53. If the registration certificate is damage or fade, entrepreneur shall apply to issue the copy of registration certificate to the respective agency branch offices together with the original certificate.

54. The respective agency branch office shall, on application under Rule 53, issue the copy of registration certificate after scrutinizing as may be necessary and causing the prescribed fees to be paid.

## Chapter XI

## Changes in Registered Enterprises

55. If entrepreneur desires to move the location of the enterprise relating to their business, he shall apply to the agency branch offices with the recommendations of the respective one-stop service team.

56. If entrepreneur desires to change the type of enterprise, merger between business and division of business relating to their enterprise, they shall apply to the respective agency branch office for getting permission.

57. If entrepreneur desires to change the name of enterprise and transfer of ownership relating to their business, he shall apply to the respective agency branch office.

58. If entrepreneur desires to suspend the enterprise temporarily and closing the enterprise permanently, he shall inform the respective agency branch office.

## အခန်း(၁၀)
## မှတ်ပုံတင်လက်မှတ် ပျက်စီး ပျောက်ဆုံးခြင်း

၅၁။ လုပ်ငန်းဆောင်ရွက်သူသည် မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးလျှင် မှတ်ပုံတင်လက်မှတ် မိတ္တူထုတ်ပေးရန် သက်ဆိုင်ရာ အေဂျင်စီရုံးခွဲသို့ ခိုင်လုံသော အထောက်အထားများနှင့်အတူ လျှောက်ထားရမည်။

၅၂။ နည်းဥပဒေ ၅၁ အရ လျှောက်ထားလာသည့်အခါ သက်ဆိုင်ရာ အေဂျင်စီရုံးခွဲသည် သေချာစွာစိစစ်ပြီး ခိုင်လုံသော အထောက်အထားတွေ့ရှိလျှင် သတ်မှတ်ထားသည့် ဒဏ်ကြေးကို ပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်မိတ္တူ ထုတ်ပေးရမည်။

၅၃။ လုပ်ငန်းဆောင်ရွက်သူသည် မှတ်ပုံတင်လက်မှတ်ပျက်စီးလျှင် သို့မဟုတ် မထင်မရှားဖြစ်လျှင် မူရင်းမှတ်ပုံတင်လက်မှတ်နှင့် ပူးတွဲလျက် သက်ဆိုင်ရာ အေဂျင်စီရုံးခွဲသို့ မှတ်ပုံတင်လက်မှတ်မိတ္တူ ထုတ်ပေးရန် လျှောက်ထားရမည်။

၅၄။ နည်းဥပဒေ ၅၃ အရ လျှောက်ထားလာသည့်အခါ သက်ဆိုင်ရာ အေဂျင်စီရုံးခွဲသည် လိုအပ်သလိုစိစစ်၍ သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်မိတ္တူ ထုတ်ပေးရမည်။

## အခန်း(၁၁)
## မှတ်ပုံတင်ပြီးသည့် လုပ်ငန်းများတွင် အပြောင်းအလဲများ ပြုလုပ်ခြင်း

၅၅။ လုပ်ငန်းဆောင်ရွက်သူသည် မိမိ၏လုပ်ငန်းနှင့် စပ်လျဉ်း၍ လုပ်ငန်းတည်နေရာပြောင်းရွှေ့လိုလျှင် သက်ဆိုင်ရာ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့၏ သဘောထားမှတ်ချက်များနှင့်အတူ အေဂျင်စီရုံးခွဲသို့ လျှောက်ထားရမည်။

၅၆။ လုပ်ငန်းဆောင်ရွက်သူသည် လုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းအမျိုးအမည်ပြောင်းလဲခြင်း၊ လုပ်ငန်းအချင်းချင်း ပေါင်းစပ်ခြင်း၊ လုပ်ငန်းခွဲခြမ်းစိတ်ဖြာခြင်းကို ဆောင်ရွက်လိုလျှင် ခွင့်ပြုချက်ရရှိရေးအတွက် သက်ဆိုင်ရာအေဂျင်စီရုံးခွဲသို့ လျှောက်ထားရမည်။

၅၇။ လုပ်ငန်းဆောင်ရွက်သူသည် လုပ်ငန်းအမည်ပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းတို့ ဆောင်ရွက်လိုလျှင် သက်ဆိုင်ရာ အေဂျင်စီရုံးခွဲသို့ လျှောက်ထားရမည်။

၅၈။ လုပ်ငန်းဆောင်ရွက်သူသည် မိမိ၏လုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းခေတ္တရပ်ဆိုင်းခြင်း၊ အမြဲတမ်းပိတ်ခြင်းတို့ ဆောင်ရွက်လိုလျှင် သက်ဆိုင်ရာ အေဂျင်စီရုံးခွဲသို့အကြောင်းကြားရမည်။

## Chapter XII
## Relief and Exemption from Tax

59. The Working Committee shall, regarding the development of sophisticated businesses, guide to the agency in coordination with the respective departments and organizations for relief and exemption from tax.

60. Entrepreneur who does business which is one of the enterprises in Section 27(a) to (e) of the law shall apply to the agency in order to get relief and exemption from tax with the following documents:

(a) recommendation of the local authority on entrepreneurs who are doing business which is one of the enterprises listed in Section 27(a) to (e) of the law;

(b) reason for the entitlement of relief and exemption from tax;

(c) admission of the expressions prescribed in application form are correct.

61. The agency shall scrutinize the guidance receiving under Rule 59 and the application under Rule 60 and submit suggestions to the respective departments and organizations if it considers that relief and exemption from tax should be enjoyed.

62. The respective government departments and organizations received the advice under Rule 61 shall take into special consideration for relief and exemption from tax.

## Chapter XIII
## Bank Loan and Financial Support

63. Entrepreneur shall have the right to get loan from the Small and Medium Industrial Development Bank (SMIDB) or respective banks in accordance with the stipulations for the financial requirement in business development.

64. Entrepreneur shall submit the reference documents requested by the respective bank in the applying loan from the bank.

## အခန်း(၁၂)
## အခွန်လျှော့ပေါ့ခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်း

၅၉။ လုပ်ငန်းကော်မတီသည် တိုးတက်ဖြစ်ထွန်းလာသည့် ထူးခြားသောစီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ အခွန်လျှော့ပေါ့ခြင်းနှင့် ကင်းလွတ်ခွင့်ပြုနိုင်ရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်နိုင်ရန် အေဂျင်စီသို့ လမ်းညွှန်ရမည်။

၆၀။ ဥပဒေပုဒ်မ ၂၇ (က) မှ (င) ထိ ပါ လုပ်ငန်းများအနက် တစ်မျိုးမျိုးဆောင်ရွက်သူသည် အခွန်လျှော့ပေါ့ခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့ရရှိနိုင်ရန် အောက်ပါအထောက်အထားများနှင့်အတူ အေဂျင်စီသို့လျှောက်ထားရမည်-

(က) ဥပဒေပုဒ်မ ၂၇ (က) မှ (င) ထိ လုပ်ငန်းများအနက် တစ်မျိုးမျိုး လုပ်ကိုင်သူဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့၏ ထောက်ခံချက်၊

(ခ) အခွန်လျှော့ပေါ့ခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့ကို မည်သည့်အတွက် ခံစားထိုက်ကြောင်း အကျိုးအကြောင်း ဖော်ပြချက်၊

(ဂ) လျှောက်လွှာပါဖော်ပြချက်များ မှန်ကန်ကြောင်း ကတိဝန်ခံချက်။

၆၁။ အေဂျင်စီသည် နည်းဥပဒေ ၅၉ အရ လမ်းညွှန်ချက် ရရှိသည့်အခါဖြစ်စေ၊ နည်းဥပဒေ ၆၀ အရ လျှောက်ထားချက် ရရှိသည့်အခါဖြစ်စေ စိစစ်ပြီးအခွန်လျှော့ပေါ့ခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့ခံစားခွင့်ပြုသင့်သည်ဟု ယူဆလျှင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ အကြံပြုတင်ပြရမည်။

၆၂။ နည်းဥပဒေ ၆၁ အရ အကြံပြုတင်ပြချက်ကို လက်ခံရရှိသည့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် အခွန်လျှော့ပေါ့ခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့နှင့်စပ်လျဉ်း၍ အလေးအနက်ထား စဉ်းစားဆောင်ရွက်ပေးရမည်။

## အခန်း(၁၃)
## ဘဏ်ချေးငွေရယူခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်း

၆၃။ လုပ်ငန်းဆောင်ရွက်သူသည် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ငွေကြေးလိုအပ်ချက်အတွက် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှဖြစ်စေ၊ သက်ဆိုင်ရာဘဏ်များမှဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ချေးငွေရယူနိုင်သည်။

၆၄။ လုပ်ငန်းဆောင်ရွက်သူသည်ဘဏ်မှချေးငွေ လျှောက်ထားရယူရာတွင် သက်ဆိုင်ရာဘဏ်မှ တောင်းခံသည့် အထောက်အထားများ တင်ပြရမည်။

## Chapter XIV
## Supporting Small and Medium Enterprises

65. Entrepreneur may submit to the respective agency branch office to support the need of its enterprise. The respective agency branch office shall submit through the collection of the proposals of entrepreneurs to the agency.

66. The agency may conduct the discussion on the request submitted by the agency branch office and deal with the request in coordination and cooperation with other departments.

67. If entrepreneur requires to hire international experts and the professionals according to the requirements of business, he shall apply to agency branch office according to the prescribed manner mentioning the following particulars:

(a) Individual international expert and the professional to be hired;
  (i) Name
  (ii) Designation/Position, Occupation and contact details
  (iii) Educational qualification and specialized subject for profession
  (iv) Country of origin and Passport number

(b) Reason for hire and duration;

(c) Salary and other benefits;

(d) If salary and benefits are to be paid in foreign currency, to describe how foreign currency will be received.

68. The respective agency branch office received the application under Rule 67 shall submit to the agency with necessary scrutiny and examination whether the enterprise actually requires to hire international expert or not and whether it is enough by appointing local experts or not.

## အခန်း(၁၄)

## အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ကူညီပံ့ပိုးခြင်း

၆၅။ လုပ်ငန်းဆောင်ရွက်သူသည် မိမိလုပ်ငန်းလိုအပ်ချက်များကို ကူညီပံ့ပိုးပေးရန်အတွက် သက်ဆိုင်ရာအေဂျင်စီရုံးခွဲသို့ တင်ပြနိုင်သည်။ သက်ဆိုင်ရာ အေဂျင်စီရုံးခွဲသည် လုပ်ငန်းဆောင်ရွက်သူများ၏ တင်ပြချက်များကိုစုစည်း၍ အေဂျင်စီသို့ ဆက်လက်တင်ပြရမည်။

၆၆။ အေဂျင်စီသည် အေဂျင်စီရုံးခွဲမှတစ်ဆင့် တင်ပြလာသော တောင်းဆိုချက်များကို ညှိနှိုင်းဆွေးနွေးဖြေရှင်းခြင်း၊ အခြားဌာနများနှင့် ပူးပေါင်းကူညီဖြေရှင်းခြင်းတို့ ပြုနိုင်သည်။

၆၇။ လုပ်ငန်းဆောင်ရွက်သူသည် လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံခြားမှ ကျွမ်းကျင်သူများနှင့် အတတ်ပညာရှင်များ ငှားရမ်းရန်လိုအပ်ပါက အောက်ပါအချက်များကို ဖော်ပြလျက် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အေဂျင်စီရုံးခွဲသို့ လျှောက်ထားရမည်-

(က) ငှားရမ်းရန် လိုအပ်သည့် နိုင်ငံခြားမှ ကျွမ်းကျင်သူ/အတတ်ပညာရှင် တစ်ဦးချင်း၏ -

(၁) အမည်၊

(၂) ရာထူး/အဆင့်၊ လုပ်ငန်းဌာနနှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(၃) ပညာအရည်အချင်းနှင့် အထူးပြုသည့် လုပ်ငန်းကျွမ်းကျင်မှု အတတ်ပညာ ဘာသာရပ်၊

(၄) မိခင်နိုင်ငံအနေနှင့် ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်အမှတ်၊

(ခ) ငှားရမ်းရန် လိုအပ်သည့် အကြောင်းရင်းနှင့် ကာလအပိုင်းအခြား၊

(ဂ) ပေးအပ်မည့် လစာနှင့် အခြားခံစားခွင့်များ၊

(ဃ) ပေးအပ်မည့် လစာနှင့် အခြားခံစားခွင့်များကို နိုင်ငံခြားငွေနှင့် ပေးရမည်ဆိုပါက နိုင်ငံခြားငွေကို မည်သို့ရရှိနိုင်မည်ကို ဖော်ပြရန်။

၆၈။ နည်းဥပဒေ ၆၇ အရ လျှောက်ထားချက်ကိုလက်ခံရရှိသည့် သက်ဆိုင်ရာ အေဂျင်စီရုံးခွဲသည် ယင်းလုပ်ငန်း၌ နိုင်ငံခြားမှ ကျွမ်းကျင်သူအတတ်ပညာရှင် ငှားရမ်းရန် အမှန်တကယ်လိုအပ်ခြင်း ရှိ မရှိ နှင့် ပြည်တွင်းမှ အလားတူကျွမ်းကျင်သူ အတတ်ပညာရှင်ခန့်ထားခြင်းဖြင့် လုံလောက်မှု ရှိ မရှိ ကို လိုအပ်သော စိစစ်မှု၊ စစ်ဆေးမှုများ ပြုလုပ်၍ အေဂျင်စီသို့ တင်ပြရမည်။

69. The agency may, after examining in accordance with stipulations, allow or refuse to hire international experts and the professionals.

70. Agency branch office shall inform to the applicants in accordance with the decision of the agency.

## Chapter XV
## Assisting to Settlement of Dispute

71. If any dispute arises between entrepreneurs, between entrepreneurs and any organizations or government department in respect of small and medium enterprises, the agency and agency branch offices shall assist to settle the dispute arisen.

72. If the dispute cannot be settled, it shall be undertaken step by step in following ways:

(a) to be followed in accordance with prescribed settlement mechanism if the dispute settlement mechanism is designated in the relevant agreements concluded between the entrepreneurs, any organizations or the government department;

(b) if the dispute settlement mechanism is not designated in the relevant agreement;

(i) resolving and handing over the issues to respective department with the formation of arbitral tribunal comprising with the persons not less than three or not more than five (odd number) from the agency, agency branch office and the persons agreed by both parties

(ii) resolving in accordance with relevant existing laws if it cannot be settled.

၆၉။ အေဂျင်စီသည် သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး နိုင်ငံခြားမှ ကျွမ်းကျင်သူများနှင့်အတတ်ပညာရှင်များငှားရမ်းရန်ခွင့်ပြုခြင်းသို့မဟုတ်ငြင်းပယ်ခြင်းပြုနိုင်သည်။

၇၀။ အေဂျင်စီရုံးခွဲသည် အေဂျင်စီ၏ ဆုံးဖြတ်ချက်နှင့်အညီ လျှောက်ထားသူထံ အကြောင်းကြားရမည်။

## အခန်း(၁၅)

## အငြင်းပွားမှုကို ကူညီဖြေရှင်းခြင်း

၇၁။ အေဂျင်စီနှင့် အေဂျင်စီရုံးခွဲများသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်သူ အချင်းချင်းဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်သူနှင့်အဖွဲ့အစည်း တစ်ရပ်ရပ်အကြား သို့မဟုတ် အစိုးရဌာနတစ်ရပ်ရပ်အကြားဖြစ်စေ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက အဆိုပါအငြင်းပွားမှုကို ဖြေရှင်းနိုင်ရန် ကူညီဆောင်ရွက်ပေးရမည်။

၇၂။ အငြင်းပွားမှု ပြေလည်ခြင်းမရှိပါက အောက်ဖော်ပြပါ နည်းလမ်းများဖြင့် အဆင့်ဆင့် ဆောင်ရွက်သွားရမည်-

(က) လုပ်ငန်းဆောင်ရွက်သူ အချင်းချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခု သို့မဟုတ် အစိုးရဌာနအကြားတွင်လည်းကောင်း၊ ချုပ်ဆိုထားသည့် သဘောတူစာချုပ်များတွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားပါ က ယင်းသတ်မှတ်ထားသည့်ဖြေရှင်းနည်းများ နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊

(ခ) အဆိုပါစာချုပ်တွင် အငြင်းပွားမှု ဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင်-

(၁) အေဂျင်စီ ၊ အေဂျင်စီရုံးခွဲမှပုဂ္ဂိုလ်များ၊ နှစ်ဦးနှစ်ဖက်လက်ခံနိုင်သောပုဂ္ဂိုလ်များ ပါဝင်လျက် သုံးဦးထက်မနည်း၊ ငါးဦးထက်မပိုသော(မဂဏန်း) အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်း၍ ဖြေရှင်းခြင်းနှင့်သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးခြင်း၊

(၂) ပြေလည်မှုမရှိပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းစေခြင်း။

## Chapter XVI
## Miscellaneous

73. The meetings of the agency shall be convened at least once a month.

74. The President of the agency shall perform as the Chairman in the meetings. If the President is absent the meeting, the Vice-president shall perform as the Chairman, and the president and Vice-president are absent, the Secretary shall perform as the Chairman.

75. The meeting shall be valid if more than half of the total members are present.

76. The agency shall make decision on the agreement of more than half of the members attended the meeting. This decision shall not be allowed to reject, refuse, and propose for further changes by the members of the agency who are absent the meeting.

77. In reviewing on the Small and Medium Enterprises Development Law by the Central Committee, the respective organizations shall perform as follow:

(a) submitting the advice on the policies and laws relating to the agency and agency branch offices by the agency;

(b) submitting the advice relating to the law by the Evaluation and Reporting Body;

(c) submitting the advice relating to the law by the Fund Management Body;

(d) submitting the advice relating to the law by the focal ministry and the respective government ministries;

(e) submitting other requirements.

**(Sd.) Khin Maung Cho**
**Union Minister**
**The Government of the Republic of the Union of Myanmar**
**Ministry of Industry**

## အခန်း(၁၆)
## အထွေထွေ

၇၃။ အောင်ချင်စီအစည်းအဝေးများကို တစ်လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရမည်။

၇၄။ အောင်ချင်စီဥက္ကဋ္ဌသည်အစည်းအဝေးများတွင် သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်နိုင်သည့်အခါ ဒုတိယဥက္ကဋ္ဌက သဘာပတိ အဖြစ်လည်းကောင်း၊ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့ မတက်ရောက်နိုင်သည့်အခါ အတွင်းရေးမှူးက သဘာပတိ အဖြစ်လည်းကောင်း ဆောင်ရွက်ရမည်။

၇၅။ အဖွဲ့ဝင်ဦးရေထက်ဝက်ကျော်တက်ရောက်လျှင်အစည်းအဝေးအထမြောက်သည်။

၇၆။ အောင်ချင်စီသည် အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်များ၏ ထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို အစည်းအဝေးတက်ရောက်နိုင်ခြင်း မရှိသည့် အောင်ချင်စီအဖွဲ့ဝင်များက ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်းတို့ကို ဆောင်ရွက်ခွင့်မရှိစေရ။

၇၇။ ဗဟိုကော်မတီမှ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးဥပဒေကို ပြန်လည်သုံးသပ်ရေးအတွက် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်း အသီးသီးက အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည်-

(က) အောင်ချင်စီက အောင်ချင်စီနှင့် အောင်ချင်စီရုံးခွဲများဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် ပတ်သက်သော အကြံပြုချက်များကို တင်ပြခြင်း၊

(ခ) လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့က ဥပဒေနှင့်ပတ်သက်သော အကြံပြု ချက်များကို တင်ပြခြင်း၊

(ဂ) ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့က ဥပဒေနှင့်ပတ်သက်သော အကြံပြုချက်များကို တင်ပြခြင်း၊

(ဃ) တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနအသီးသီးက ဥပဒေနှင့်ပတ်သက်သော အကြံပြုချက်များကို တင်ပြခြင်း၊

(င) အခြားလိုအပ်ချက်များကို တင်ပြခြင်း။

**(ပုံ) ခင်မောင်ချို**

**ပြည်ထောင်စုဝန်ကြီး**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စက်မှုဝန်ကြီးဌာန**

Form (A)

## Small and Medium Enterprise Application Form

**(Rule 40 (a))**

To:

------------

------------

------------

Date: yy mm dd

In accordance with the existing laws of the Republic of the Union of Myanmar, I hereby apply for the implementation of small and medium enterprise with the following facts:

(1) Applicant
- (a) The entrepreneur/Company's Name ------------------------------
- (b) National Registration Card Number ------------------------------
- (c) Address ------------------------------

(2) The Enterprise to be done
- (a) Name of Enterprise ------------------------------
- (b) Type of Enterprise ------------------------------
- (c) Size of Enterprise ------------------------------
- (d) Products/ Trade/Services ------------------------------
- (e) Type of Ownership ------------------------------

(3) Location of Enterprise
- (a) Location --------------------
- (b) Land/ Area of Building --------------------
- (c) Own/Rent --------------------

(Applicant)

Sign ____________________

Name ____________________

Designation ____________________

Phone No : ____________________

**ပုံစံ(က)**

**အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းစတင်လုပ်ကိုင်မည့်အဆိုပြုလွှာ**
**{နည်းဥပဒေ ၄၀ (က)}**

သို့

..........................................
..........................................
..........................................

ရက်စွဲ၊ ခုနှစ် လ ရက်

ကျွန်တော်/ကျွန်မသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်လိုပါသဖြင့် အောက်ပါ အချက်အလက်များ ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(၁) **လုပ်ငန်းလုပ်ကိုင်ရန်အဆိုပြုသူ**
- (က) လုပ်ငန်းရှင်/ကုမ္ပဏီအမည် ..............................
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..............................
- (ဂ) နေရပ်လိပ်စာ ..............................

(၂) **လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်း**
- (က) လုပ်ငန်းအမည် ..............................
- (ခ) လုပ်ငန်းအမျိုးအစား ..............................
- (ဂ) လုပ်ငန်းအရွယ်အစား ..............................
- (ဃ) ထုတ်ကုန်ပစ္စည်းများ/ရောင်းဝယ်မှု/ဝန်ဆောင်မှုလုပ်ငန်းများ ..............................
- (င) ပိုင်ဆိုင်မှုအမျိုးအစား ..............................

(၃) **လုပ်ငန်းလုပ်ကိုင်သည့်နေရာ**
- (က) တည်နေရာ ..............................
- (ခ) မြေ/အဆောက်အဦအကျယ်အဝန်း ..............................
- (ဂ) ကိုယ်ပိုင်/အငှား ..............................

(လျှောက်ထားသူ)

လက်မှတ် ____________________
အမည် ____________________
ရာထူး ____________________
ဖုန်းနံပါတ် ____________________

Form (B)

## Small and Medium Enterprise Registration Form

**(Rule 40 (c))**

To:

------------

------------

Date: yy mm dd

In accordance with the provisions of the Small and Medium Enterprise Development Law of the Republic of the Union of Myanmar, I hereby apply for a registration of my enterprise with the facts as follows:

(a) Applicant

(a)The entrepreneur/Company's Name ---------------------------------

(b)National Registration Card Number ---------------------------------

(c)Address ---------------------------------

(2) The Enterprise to be registered

(a) Name of Enterprise ---------------------------------

(b) Type of Enterprise ---------------------------------

(c) Size of Enterprise ---------------------------------

(d) Products/ Trade/Services ---------------------------------

(e) Type of Property/Ownership ---------------------------------

(3) Location of Enterprise/Business

(a) Location ---------------------------------

(b) Land/ Area of Building ---------------------------------

(c) Own/Rent ---------------------------------

(d) Year of Establishment ---------------------------------

(4) Capital Investment (kyats in Million)

(a) Machine parts ---------------------------------

(b) Building ---------------------------------

(c) Others ---------------------------------

(5) Manufacturing Enterprises

(a) Product Name -----------------------

**ပုံစံ(ခ)**

**အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းမှတ်ပုံတင်လျှောက်လွှာ**
**{နည်းဥပဒေ ၄၀(ဂ)}**

သို့

____________________________

____________________________

ရက် စွဲ ၊ ခုနှစ် လ ရက်

ကျွန်တော်/ကျွန်မ၏ စီးပွားရေးလုပ်ငန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ မှတ်ပုံတင်လိုပါသဖြင့် လျှောက်ထားအပ်ပါသည်။

(၁) **မှတ်ပုံတင်ရန်အဆိုပြုသူ**
(က) လုပ်ငန်းရှင်/ကုမ္ပဏီအမည် ----------
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------
(ဂ) နေရပ်လိပ်စာ ----------

(၂) **မှတ်ပုံတင်မည့် စီးပွားရေးလုပ်ငန်း**
(က) လုပ်ငန်းအမည် ----------
(ခ) လုပ်ငန်းအမျိုးအစား ----------
(ဂ) လုပ်ငန်းအရွယ်အစား ----------
(ဃ) ထုတ်ကုန်ပစ္စည်းများ/ ရောင်းဝယ်မှု/ဝန်ဆောင်မှုလုပ်ငန်းများ ----------

(၃) **လုပ်ငန်းလုပ်ကိုင်သည့်နေရာ**
(က) တည်နေရာ ----------
(ခ) မြေ/အဆောက်အဦအကျယ်အဝန်း ----------
(ဂ) ကိုယ်ပိုင်/အငှား ----------
(ဃ) စတင်လုပ်ကိုင်သည့်ခုနှစ် ----------

(၄) **ရင်းနှီးမြှုပ်နှံမှုတန်ဖိုး (ကျပ်သန်း)**
(က) စက်ပစ္စည်း ----------
(ခ) အဆောက်အဦ ----------
(ဂ) အခြား ----------

(၅) **ထုတ်လုပ်မှုလုပ်ငန်းဖြစ်ပါက**
(က) ထုတ်ကုန်ပစ္စည်းအမည် ----------

(b) Production Categories ----------------------------

(c) Annual Production ----------------------------

(6) Trading Enterprise

(a) Traded Goods ----------------------------

(b) Retail/Wholesale ----------------------------

(c) Annual Revenue of Last Year (Kyats in million) ------------

(7) Services Enterprise

(a) Servicing Enterprise ----------------------------

(b) Quantity ----------------------------

(c) Annual Revenue of Last Year (Kyats in million) ------------

(8) Taking on Employees (estimate)

(a) Administrator ----------------------------

(b) Supervisor ----------------------------

(c) Skilled Labour ----------------------------

(d) Ordinary Labour ----------------------------

(e) Others ----------------------------

(9) Registration/Licensing

(a) Department issued Registration/Licence --------------------

(b) Licence No./Type ----------------------------

(c) Date of Issue ----------------------------

(d) Expiry Date ----------------------------

I submit and declare to be true that the above mentioned facts are accompanied with the conditions of enterprise.

(Applicant)

Sign ________________

Name ________________

Designation ________________

Phone No : ________________

(ခ) ထုတ်လုပ်သည့်အမျိုးအစားပေါင်း ------------------------------

(ဂ) တစ်နှစ်ထုတ်လုပ်မှု ------------------------------

(၆) **ရောင်းဝယ်မှုလုပ်ငန်းဖြစ်ပါက**

(က) ရောင်းဝယ်မှုပြုလုပ်သည့်ကုန်ပစ္စည်း ------------------------------

(ခ) လက်ကား/လက်လီ ------------------------------

(ဂ) လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ (ကျပ်သန်း) ------------------------------

(၇) **ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါက**

(က) ဝန်ဆောင်မှုပေးသည့်လုပ်ငန်း ------------------------------

(ခ) လုပ်ငန်းအရေအတွက် ------------------------------

(ဂ) လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ (ကျပ်သန်း) ------------------------------

(၈) **အလုပ်သမားခန့်ထားမှု(လျာထားချက်)**

(က) အုပ်ချုပ်သူ ------------------------------

(ခ) ကြီးကြပ်သူ ------------------------------

(ဂ) ကျွမ်းကျင်လုပ်သား ------------------------------

(ဃ) ရိုးရိုးလုပ်သား ------------------------------

(င) အခြား ------------------------------

(၉) **မှတ်ပုံတင်/လိုင်စင်ပြုလုပ်ခဲ့ခြင်း**

(က) မှတ်ပုံတင်/လိုင်စင်ထုတ်ပေးသည့်ဌာန ------------------------------

(ခ) လိုင်စင်အမှတ်/အမျိုးအစား ------------------------------

(ဂ) ထုတ်ပေးသည့်ရက်စွဲ ------------------------------

(ဃ) သက်တမ်းကုန်ဆုံးသည့်ရက်စွဲ ------------------------------

အထက်တွင် ဖော်ပြထားသော အချက်အလက်များသည် လုပ်ငန်းအခြေအနေနှင့် ကိုက်ညီ၍ မှန်ကန်စွာဖြည့်စွက်ထားပါကြောင်းတင်ပြအပ်ပါသည်။

(လျှောက်ထားသူ)

လက်မှတ် ____________________

အမည် ____________________

ရာထူး ____________________

ဖုန်းနံပါတ် ____________________

**Form (C)**

**Registration Renewal Form**

**(Rule 47)**

To:

------------

------------City

------------Region/State/Self-Administered Zone

Date: yy mm dd

Description: **Application for Small and Medium Enterprise Registration Renewal**

1. ---------------------------- Company/Entrepreneur thereof--------
---------------Region/ State/ Self-Administered Zone --------------------
------------------township herein --------------------------- enterprise (Small and Medium Enterprise Registration Number------------------
/Date ----------------) shall be due on ------------------------- (date) the term of registration.

2. Therefore, ---------------------------Company/Entrepreneur thereof------------------------ enterprise shall be applied for the Registration Renewal together with the origin of registration certificate.

(Applicant)

Sign ________________

Name ________________

N.R.C. No: ________________

Designation ________________

Phone No: ________________

ပုံစံ(၈)

## မှတ်ပုံတင်သက်တမ်းတိုးလျှောက်လွှာ

## ( နည်းဥပဒေ ၄၇)

သို့

..................

..................

..................မြို့

..................တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

ရက်စွဲ၊ ခုနှစ် လ ရက်

အကြောင်းအရာ။ **အသေးစားနှင့် အလတ်စား စီပွားရေးလုပ်ငန်း မှတ်ပုံတင် သက်တမ်း တိုးမြှင့်ပေးပါရန် လျှောက်ထားခြင်း**

၁။ ...................ကုမ္ပဏီ/လုပ်ငန်းရှင်၏ .............................. တိုင်းဒေသကြီး / ပြည်နယ် / ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ........................... မြို့နယ်ရှိ.................................လုပ်ငန်း (အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းမှတ်ပုံတင်အမှတ်............../ရက်စွဲ...........)သည် ..................နေ့တွင် မှတ်ပုံတင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍..................ကုမ္ပဏီ/လုပ်ငန်းရှင်၏ ......................... လုပ်ငန်းအားမှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးပါရန် မှတ်ပုံတင်လက်မှတ်မူရင်းနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားအပ်ပါသည်။

(လျှောက်ထားသူ)

လက်မှတ် ____________________

အမည် ____________________

နိုင်ငံသားစိစစ်ရေး

ကတ်ပြားအမှတ် ____________________

ရာထူး ____________________

ဖုန်းနံပါတ် ____________________

Form (D)

-----------------------------------

-----------------------------------

-----------------------------------

**Small and Medium Enterprise Registration Certificate**

Registration No : ____________ Date : ____________

Type of Enterprise: ____________ Region/State: ____________

Self-Administered Zone

Under sub-section A of Section (29) of the Small and Medium Enterprise Development Law the following enterprise has been registered-

1. Name of Enterprise - --------------------
2. Type of Enterprise - --------------------
3. Size of Enterprise - --------------------
4. Location Address - --------------------
5. Type of Ownership - --------------------
6. The Entrepreneur's Name - --------------------
7. National Registration Card Number - --------------------
8. Year of Establishment - --------------------
9. Capital Investment (Kyats in million) --------------------
   (Foreign Currency) - --------------------
10. Number of Employee --------------------
11. Expiry Date of Registration --------------------

( )

---------------------

---------------------

---------------------

**ပုံစံ(ဃ)**

..........................................

..........................................

..........................................

**အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းမှတ်ပုံတင်လက်မှတ်**

မှတ်ပုံတင်အမှတ် ____________ ရက်စွဲ ____________

လုပ်ငန်းအမျိုးအစား ____________ တိုင်းဒေသကြီး/ပြည်နယ်/ ____________
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

အောက်ပါစီးပွားရေးလုပ်ငန်းသည်အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးဥပဒေပုဒ်မ ၂၉ ၊ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ပြီးဖြစ်ပါသည်-

၁။ လုပ်ငန်းအမည် - ..............................

၂။ လုပ်ငန်းအမျိုးအမည် - ..............................

၃။ လုပ်ငန်းအရွယ်အစား - ..............................

၄။ တည်နေရာလိပ်စာ - ..............................

၅။ ပိုင်ဆိုင်မှုအမျိုးအစား - ..............................

၆။ လုပ်ငန်းရှင်အမည် - ..............................

၇။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ..............................

၈။ စတင်တည်ထောင်သည့်ခုနှစ် - ..............................

၉။ ရင်းနှီးမြှုပ်နှံတန်ဖိုး(ကျပ်သန်း) - ..............................
(နိုင်ငံခြားငွေ) - ..............................

၁၀။ အလုပ်သမားဦးရေ - ..............................

၁၁။ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့ရက် - ..............................

( )

..........................

..........................

..........................

## Rules followed by the Entrepreneurs

1. This registration certificate shall not be handed over or transfer to the irrelevant persons.
2. Facts in this registration certificate shall not be amended or added.
3. If this registration certificate looses, it shall apply to the Agency Branch Office together with the irrefutable facts to be issued the copy of the registration certificate.
4. If the registration certificate is damaged or faded or necessary to change the facts in registration certificate, it shall apply to the relevant Agency Branch Office together with the registration certificate or its copy.
5. The registration certificate shall not be used in any matter except the matter in respect of the enterprise.
6. Registration certificate, shall be applied in advance to renew within (30) days before the date of expiry. In application, this registration certificate shall be submitted together.

## Registration Renewal

| Sr. No | Expiry Date of Registration | Sign of / Authorized Person |
|---|---|---|
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

## လုပ်ငန်းရှင်များ လိုက်နာရန် စည်းကမ်းချက်များ

၁။ ဤမှတ်ပုံတင်လက်မှတ်ကို မသက်ဆိုင်သူများအား လွှဲအပ်ခြင်းသို့မဟုတ် လွှဲပြောင်းပေးခြင်း မပြုရ။

၂။ ဤမှတ်ပုံတင်လက်မှတ်ပါ အချက်အလက်များကို ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း မပြုလုပ်ရ။

၃။ ဤမှတ်ပုံတင်လက်မှတ် ပျောက်ဆုံးလျှင် မှတ်ပုံတင်လက်မှတ် မိတ္တူကို ထုတ်ပေးရန် အေဂျင်စီရုံးခွဲသို့ ခိုင်လုံသော အထောက်အထားနှင့်တကွ လျှောက်ထားရမည်။

၄။ မှတ်ပုံတင်လက်မှတ် ပျက်စီးလျှင် သို့မဟုတ် မထင်မရှားဖြစ်လျှင် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ပါအချက်အလက်များ ပြောင်းလဲရန် လိုအပ်လျှင် အေဂျင်စီရုံးခွဲသို့ မှတ်ပုံတင်လက်မှတ် (သို့မဟုတ်) မိတ္တူဖြင့် ပူးတွဲတင်ပြလျှောက်ထားရမည်။

၅။ ဤမှတ်ပုံတင်လက်မှတ်ကို လုပ်ငန်းနှင့် စပ်လျဉ်းသည့် ကိစ္စမှအပ မည်သည့်ကိစ္စတွင်မျှ အသုံးမပြုရ။

၆။ မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးမြှင့်ပေးရန် ရက်ပေါင်း (၃၀) အတွင်း ကြိုတင်လျှောက်ထားရမည်။ လျှောက်ထားရာတွင် ဤမှတ်ပုံတင်လက်မှတ်ကို ပူးတွဲတင်ပြရမည်။

## မှတ်ပုံတင်သက်တမ်း တိုးမြှင့်ခြင်း

| စဉ် | မှတ်ပုံတင်သက်တမ်းကုန်ဆုံးမည့်နေ့ရက် | ခွင့်ပြုသူလက်မှတ် |
|---|---|---|
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |